# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

**July 2, 2025** **Volume 92, Number 2**


| ၂.၇.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၂.၉၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၉.၁၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၇၈.၈၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၈.၂၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၀၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၄၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၅၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၇.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၆၉ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## သပြေပန်းစိုက်ပျိုး ဝင်ငွေတိုး



မကွေးတိုင်းဒေသကြီး သရက်ခရိုင်အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် သပြေပန်းပင်များကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

သပြေပန်းပင်များကို အစိုဓာတ်ကောင်းမွန်သော မိုးရာသီတွင် စိုက်ပျိုးကြ၍ စိုက်ပျိုးပြီးငါးလခန့်အကြာတွင် ခူးဆွတ်ရောင်းချနိုင်ကြောင်း၊ သပြေပင်ကိုင်းကူးမျိုးများကို မန္တလေး မြို့မှဝယ်ယူကာ ပေါင်ခတ်၍ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် အပင်ရေ ၇၀၀ ခန့်ဝင်ဆံ့စိုက်ပျိုးရကြောင်း ၊သပြေပန်းများကို ရာသီမရွေး တစ်နှစ်ပတ်လုံးခူးဆွတ်နိုင်ပြီး ဆောင်းရာသီတွင် ပိုးကျတတ်သောကြောင့် အထွက်နှုန်းနည်းပါးကြောင်း၊မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ခြောက်သိန်းခန့်ကုန်ကျကြောင်း၊တစ်ရက်လျှင် သပြေပန်းအစီးရေ ၅၀ ခန့်ထွက်ရှိပြီး နှစ်ရက်ခြား တစ်ကြိမ် ခူးဆွတ်ရကြောင်း၊ဈေးကွက်အနေဖြင့် ဇေယျာသီရိဈေးနှင့်မန်းသံပရာကန်ရေနံချက်စက်ရုံ (PIC )ဈေးများရှိ ပန်းသည်များထံသို့ တင်ပို့ရောင်းချကြပြီးအကျိုးအမြတ်များရရှိကြောင်း၊ သပြေပန်းပင်သည် နှစ်ရှည်ပင်အမျိုးအစားဖြစ်သောကြောင့် စတင်ခူးဆွတ်ချိန်မှစ၍ နေ့စဉ်ပုံမှန်ဝင်ငွေရရှိလျက်ရှိပြီး မိသားစုအပိုဝင်ငွေရရှိကြောင်း သိရသည်။

**Source : ကြေးမုံသတင်းစာ**

## အထက်မင်းလှမြို့၌ သလဲသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ



မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပန်းတော်ပြင်ကျေးရွာ၌ သလဲသီးကို အိမ်ခြံမြေများနှင့် ဥယျာဉ်ခြံမြေများတွင်တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြသည့်အပြင် စီးပွားဖြစ်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

သလဲသီးကို အစိုဓာတ်ကောင်းမွန်သော မိုးရာသီအချိန်တွင် အများဆုံး စိုက်ပျိုးကြ၍ စိုက်ပျိုးပြီး တစ်နှစ်ခန့်အကြာတွင် အသီးများစတင် ခူးဆွတ်နိုင်ကြောင်း၊နွေရာသီတွင်ရေလောင်းပေါင်းသင်ခြင်းများပြုလုပ်ပေးပါ က သလဲသီးများကိုတစ်နှစ်ပတ်လုံးခူးဆွတ်ရရှိနိုင်ကြောင်း၊ သလဲသီးအနီမျိုးနှင့်သလဲသီးအဝါမျိုးများဟူ၍ရှိရာ သလဲသီးအနီမျိုးများကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း၊ ကျောက်ပန်းတောင်းမြို့နယ်မှ ကိုင်းကူးပင်များ ကို ဝယ်ယူ၍ ပင်ခြား၊တန်းခြား ၁၅ ပေ အကွာဖြင့် တစ်ဧကလျှင် သလဲသီးကိုင်းကူးပင် ၂၅၀ ခန့် ဝင်ဆံ့စိုက်ပျိုးရကြောင်း၊မျိုး၊သွင်းအားစု၊လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၇၅ သိန်းခန့် ကုန်ကျကြောင်း ၊တစ်နှစ်လျှင် သလဲတစ်ပင်အတွက် ပျမ်းမျှအလုံးရေ ၅၀ ခန့်ထွက်ရှိပြီး တစ်ဧကအတွက် ပျမ်းမျှအလုံးရေ ၁၂,၅၀၀ ခန့် ထွက်ရှိရာ စိုက်ပျိုးမြေအနေအထားနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းများကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းရှိသစ်သီးဆိုင်များသို့ တင်ပို့ရောင်းချရကြောင်း၊ သလဲသီးသည် နှစ်ရှည်ပင်အမျိုးအစားဖြစ်သည့်အတွက်တစ်နှစ်ပတ်လုံးဝင်ငွေရရှိပြီး အကျိုးအမြတ်များရရှိကာ မိသားစုအပိုဝင်ငွေရရှိကြောင်း သလဲသီးစိုက်ပျိုးသူတစ်ဦးထံက သိရသည်။

**Source : ကြေးမုံသတင်းစာ**

## ပုသိမ်မြို့ပေါ်ရှိ ကြက်မောက်သီးဈေးနှုန်း



ကြက်မောက်သီးကို မြန်မာနိုင်ငံတောင်ပိုင်းဖြစ်သော ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

ကြက်မောက်သီးပင်၏ ထူးခြားချက်မှာ အဖိုပင်နှင့်အမပင်ဟူ၍ နှစ်မျိုးရှိသည်။ ကြက်မောက်ပင်သည် မြေချဉ်များတွင် စိုက်ပျိုးမှုပိုမိုဖြစ်ထွန်းပြီး မေလနောက်ဆုံးပတ်နှင့် ဇွန်လများတွင် အများဆုံးဖြစ်ထွန်းသော သီးနှံတစ်မျိုးလည်း ဖြစ်သည်။ ကြက်မောက်သီးမှည့်ချိန်တွင် ခူးဆွတ်ရန်မှာ ရက်ပေါင်း ၃၀ ခန့် လိုအပ်သည်။


ကြက်မောက်သီးစားသုံးခြင်းဖြင့် ကိုယ်အလေးချိန်ကျဆင်းခြင်း၊ အစာချေကောင်းမွန်ခြင်း၊ ဆီးချိုရောဂါများကို ကောင်းမွန်စေသည်။ မေလနောက်ဆုံးပတ်နှင့်ဇွန်လများတွင်ကြက်မောက်သီးများ ပိုမိုဖြစ်ထွန်းသောကြောင့် ဈေးကောင်းများ ရရှိကြောင်း သိရသည်။

၂၀၂၅ခုနှစ်၊ ဇွန်လနောက်ဆုံးပတ်တွင် ပုသိမ်မြို့ပေါ်ရှိ ကြက်မောက်သီးဈေးနှုန်းမှာ အကြီးတစ်လုံးလျှင် ၄၀၀ ကျပ်၊ အသေးတစ်လုံးလျှင် ၂၅၀ ကျပ်တို့ဖြင့်ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source : DOCA(ရော၀တီ)**

https://www.doca.gov.mm/

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေ



ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း နွေစပါးစိုက်ပျိုးထားရှိမှုများမှ တပ်ကုန်းမြို့နယ်အတွင်း ရိတ်သိမ်းနေမှုများကို အများဆုံး တွေ့ရှိရသည်။

ဇေယျာသီရိမြို့နယ်တွင် စိုက်ပျိုးထားရှိမှုများမှလည်း ဇွန်လ၏ တတိယပတ်အတွင်း ရိတ်သိမ်းမှု ဖြိုင်ဖြိုင်ရှိလာမည်ဖြစ်သည်။ဇွန်လ၏ စတုတ္ထအပတ်အတွင်း တပ်ကုန်းနှင့်ဇေယျာသီရိမြို့နယ်တွင် ရိတ်သိမ်းမှုအားအကောင်းဆုံးအနေအထားကို တွေ့ရှိရမည်ဖြစ်သည်။

ဒေသတွင်းဆီထွက်သီးနှံစိုက်ပျိုးထားရှိမှုများတွင် မြေပဲသီးနှံဘောင်လုံးနေသည့်အဆင့်အနေအထားကိုတွေ့ရပြီး၊ ဖြစ်ထွန်းမှုအကောင်းဆုံးအနေအထား များကိုတွေ့ရသည်။

နှမ်းစိုက်ခင်း အချို့တွင် မိုးရွာသွန်းမှုများခဲ့သဖြင့် အပင်ဖြစ်ထွန်းမှု အားနည်းသည်ကိုတွေ့ရသည်။ စိုက်ပျိုးချိန်စောခဲ့သော လယ်ဝေးမြို့နယ်အတွင်းရှိ နှမ်းစိုက်ခင်းများအပွင့်တုန်းအနေအထားဖြင့်တွေ့ရှိရပြီး၊မိုးရေဝင်ရောက်မှုများခဲ့သော စိုက်ခင်းအချို့ ပျက်စီးမှုရှိခဲ့သည်ဟု သိရသည်။

ဒေသတွင်းစပါးဈေးနှုန်းဖြစ်ပေါ်မှုများတွင် မေလ၏ နောက်ဆုံးပတ်အတွင်း ဈေးနှုန်းအနည်းငယ်မြင့်တက်မှုရှိခဲ့သည်ကို တွေ့ရှိရသော မိုးစပါးဟောင်း(မနောသုခ) စပါးဈေး ၁၄ ပိဿာ ၂၁,၀၀၀ကျပ် ဈေးသို့ ပြန်လည်နိမ့်ကျလာမှုကို သိရသည်။

လက်ရှိရိတ်သိမ်းလျက်ရှိသော နွေစပါးတွင် ရိတ်ခြွေစက်ကျ (အစို) ဈေးနှုန်း ၁၅ ပိဿာ တစ်တင်း ၁၃,၀၀၀ကျပ်မှ ၁၄,၀၀၀ ကျပ်ဈေးနှုန်းဖြစ်ပေါ်နေသည်။စပါးလက်ကျန်အနေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ်ထွက် မိုးစပါးတောင်သူလက်ဝယ်ကျန်ရှိနေမှုများပြားခြင်း၊ ၂၀၂၃-၂၀၂၄ မိုးစပါးဟောင်းကုန်သည်များလက်ဝယ်ကျန်ရှိနေခြင်း၊ လက်ရှိနွေစပါးစတင်ရိတ်သိမ်းနေမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုအနေအထားများအရ ဒေသတွင်း ဆန်ဖူလုံမှုရှိနေမည်ဖြစ်ကြောင်း သိရသည်။

**Source: DOCA(နေပြည်တော်ကောင်စီ)**

https://www.doca.gov.mm/

## မအူပင်မြို့နယ်မှရန်ကုန်ဈေးကွက် သို့ ဇွန်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း မနောသုခဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၈,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် တစ်ဦးက ပြောသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်း မနောသုခဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ အတွင်း မနောသုခ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၈,၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဇွန်လအတွင်း မနောသုခဆန် အိတ်ရေများများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ မနောသုခ ဆန်အမျိုးအစားက ဆန်ကြမ်း အုပ်စုထဲမှာပါတဲ့ အမျိုးအစားဖြစ်တယ်။ မနောသုခဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာ အများ

အပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ဒီဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့အဓိကထားတင်ပို့ရောင်းချနေပါတယ်" ဟု ၎င်းက ပြောသည်။

မနောသုခဆန် ၂၄ ပြည်ဝင်အိတ် တစ်အိတ်လျှင် ငွေကျပ် ၉၃,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များ အရောင်းအဝယ်ကောင်းလာသည့် အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**Source : ရတနာပုံသတင်းစာ**

## အမေရိကန်နိုင်ငံမှ အကောက်ခွန်တိုးမြှင့်ကောက်ခံခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုမှာ ၂၀၂၅ ခုနှစ်၊ မေလတွင် ပထမဆုံးအကြိမ် ကျဆင်းခဲ့

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အကောက်ခွန်တိုးမြှင့်ကောက်ခံခဲ့ခြင်းကြောင့်ဂျပန်နိုင်ငံ၏အဓိက ပို့ကုန်ဈေးကွက်ဖြစ်သည့်အမေရိကန်နိုင်ငံသို့ပို့ကုန်တင်ပို့မှုမှာ၂၀၂၄ ခုနှစ်၊စက်တင်ဘာလမှစတင်၍ပထမဆုံးအကြိမ်ကျဆင်းခဲ့ကြောင်း ၁၈-၆-၂၀၂၅ ရက်နေ့ထုတ် The Nikkei Asia သတင်းစာတွင် "Japan exports post first decline in eight months on Trump tariffs" ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်း၌ ၂၀၂၅ ခုနှစ်၊ မေလတွင် ဂျပန်နိုင်ငံမှ ကမ္ဘာ့နိုင်ငံများသို့ ပို့ကုန်တင်ပို့မှုမှာ ၁ ဒသမ၇ ရာခိုင်နှုန်း ကျဆင်း ခဲ့ကြောင်းနှင့် ဂျပန်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုမှာ ၁၁ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာန က ထုတ်ပြန်ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှစတင်၍ ဂျပန်နိုင်ငံမှ အမေရိကန်နိုင်ငံသို့တင်ပို့လာသည့် ကုန်စည်များအပေါ် ၁၀ ရာခိုင်နှုန်းအကောက်ခွန်ကောက်ခံခဲ့ကြောင်း၊ ထို့ပြင် ထပ်ဆောင်းအခွန် ၁၄ ရာခိုင် နှုန်းကောက်ခံခဲ့ကြောင်းနှင့် အဆိုပါထပ်ဆောင်းအခွန်ကို လက်ရှိတွင် ဇူလိုင်လ ၉ ရက်နေ့အထိ ဆိုင်းငံ့ထားကြောင်း ဖော်ပြထားသည်။

ထို့ပြင် အမေရိကန်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသည့် သံမဏိ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အစိတ်အပိုင်းများအပေါ် ၂၅ ရာခိုင်နှုန်းအကောက်ခွန်တိုးမြှင့်ကောက်ခံခဲ့ကြောင်း၊ ထို့ပြင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်အနေဖြင့် သံမဏိနှင့်အလူမီနီယံ အပေါ် အကောက်ခွန်ကောက်ခံမှုကို ၄-၆-၂၀၂၅ ရက်နေ့မှစတင်၍ ၂ ဆ တိုးမြှင့်ကာ ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံခဲ့ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်းများတင်ပို့မှုမှာ ၂၀၂၅ ခုနှစ်၊ မေလတွင် ၂၄ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၁၉ ရာခိုင်နှုန်းအသီးသီးကျဆင်းခဲ့ကြောင်း၊ ဂျပန်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ သံမဏိတင်ပို့မှုမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံအစိုးရအကြား ၆ ကြိမ်မြောက် ကုန်သွယ်ရေးဆိုင်ရာညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့သော်လည်း တိုးတက်မှု အနည်းငယ်သာရရှိခဲ့ကြောင်း၊ ဂျပန်ဝန်ကြီးချုပ် ရှီဂဲရုအီရှီဘာနှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့အနေဖြင့် G-7 ထိပ်သီး အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများတွင် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း သဘောတူညီမှုများ ရရှိခဲ့ခြင်းမရှိသေးကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံမှ ကမ္ဘာ့နိုင်ငံများသို့ပို့ကုန်တင်ပို့မှုမှာ ၂၀၂၅ ခုနှစ်၊ မေလတွင် ၁ ဒသမ၇ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ အဆိုပါ ကျဆင်းမှုပမာဏမှာမျှော်မှန်းထားသည်ထက်လျော့နည်းခဲ့ကြောင်း၊အမေရိကန်နိုင်ငံမှအကောက်ခွန်တိုးမြှင့်ကောက်ခံခဲ့မှုကြောင့် ဒေသတွင်းနိုင်ငံများအပေါ်လည်း ထိခိုက်မှုများဖြစ်ပေါ်စေခဲ့ကြောင်း၊ တောင်ကိုရီးယားနိုင်ငံမှ အမေရိကန်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုမှာ ၄

လတာအတွင်း ပထမဆုံးအကြိမ်အဖြစ် ၂၀၂၅ ခုနှစ်၊ မေလတွင်ကျဆင်းခဲ့ကြောင်း၊ တရုတ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်ပို့၊ တင်သွင်းမှုမှာလည်း ၂ လဆက်တိုက်ကျဆင်းခဲ့ပြီး၊ ဂဏန်း ၂ လုံးအထိ ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ ၃ လဆက်တိုက်ကျဆင်းခဲ့ပြီး၊ ၂၀၂၅ ခုနှစ်၊ မေလတွင် ၈ဒသမ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ဂျပန်နိုင်ငံမှ အီးယူနှင့် အရှေ့တောင်အာရှနိုင်ငံများသို့ တင်ပို့မှုမှာ ၄ ဒသမ ၉ ရာခိုင်နှုန်းနှင့် သုည ဒသမ ၁ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများမှ တင်သွင်းမှုမှာ ၂၀၂၅ ခုနှစ်၊ မေလတွင် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါ က ၇ ဒသမ၇ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း နှင့်ဂျပန်နိုင်ငံတွင်ကုန်သွယ်မှုလိုငွေ၆၃၇ ဒသမ ၆၁ ဘီလီယံယန်း(အမေရိကန် ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံ) ရှိခဲ့ကြောင်း ဖော်ပြထားသည်။

**Source : The Nikkei Asia**

**(သုဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

https://myantrade.gov.mm/

## VinFast ၏ ဒုတိယမြောက် EV ကားစက်ရုံ ဖွင့်လှစ်



ကမ္ဘာတစ်ဝှမ်း EV ကားတိုးချဲ့ထုတ်လုပ်နိုင်စွမ်းတွေ နှောင့်နှေးနေတာကြောင့် စျေးသက်သာတဲ့ မြို့ပြကားငယ်လေးတွေ တိုးမြှင့်ထုတ်လုပ်ဖို့ ရည်ရွယ်ထားတဲ့ ဗီယက်နမ်အခြေစိုက် EV ကားကုမ္ပဏီ VinFast ဟာ ဇွန်လ ၂၉ ရက်မှာ ဒုတိယမြောက် ပြည်တွင်းကားစက်ရုံကို စတင်လည်ပတ်ခဲ့တယ်လို့ CNA သတင်းမှာ ဖော်ပြထားပါတယ်။

အခုဖွင့်လှစ်လိုက်တဲ့ စက်ရုံဟာ Ha Tinh မှာတည်ရှိပြီး ၃၆ ဟက်တာ ကျယ်ဝန်းကာ ကနဦး နှစ်စဉ်ထုတ်လုပ်နိုင်စွမ်းက အစီးရေ ၂ သိန်း ရှိတယ်လို့ သိရပါတယ်။

မြောက်ပိုင်း Haiphong မှာရှိတဲ့ VinFast ရဲ့ အဓိကစက်ရုံကတော့ လာမဲ့နှစ်အထိ ကားအစီးရေ ၉ သိန်းခွဲ ထုတ်လုပ်ဖို့ ရှိပါတယ်။

VinFast ဟာ အမေရိကန်၊ အိန္ဒိယနဲ့ အင်ဒိုနီးရှားအပါအဝင် နိုင်ငံတကာဈေးကွက်တွေမှာ ကားစက်ရုံတွေ တည်ဆောက်ဖို့ ရည်ရွယ်ထားပေမဲ့ ဝယ်လိုအားနည်းတာနဲ့ ပြိုင်ဆိုင်မှုတွေကြောင့်အခက်အခဲတွေကြုံနေရပါတယ်။VinFast ကသူ့ရဲ့ အမေရိကန် စက်ရုံလည်ပတ်မှုတွေကို ၂၀၂၈ ခုနှစ်အထိ ရွှေ့ဆိုင်းထားပြီး အိန္ဒိယမှာရှိတဲ့ တပ်ဆင်ရေးစက်ရုံကိုတော့ ဇူလိုင်လမှာ စတင်လည်ပတ်သွားမှာ ဖြစ်ပါတယ်။

**Source :** https://onenewstvchannel.com/

## ရေနံတင်ပို့ရာ Strait of Hormuz လမ်းကြောင်းပိတ်ဆို့မှုနှင့် နိုင်ငံတကာရေနံဈေးကွက်အခြေအနေ



အာရှမှ အာရှတွင်း၊ ဥရောပနှင့် အမေရိကတိုက်သို့ ရေနံတင်ပို့ရာတွင် မဖြစ်မနေ ဖြတ်သွားရသော ကမ္ဘာ့အရေးအကြီးဆုံး ရေနံသယ်ယူပို့ဆောင်ရေးလမ်းကြောင်းဖြစ်သည့် Strait of Hormuz လမ်းကြောင်းအား အီရန်ပါ လီမန်က ပိတ်သိမ်းကြောင်းကြေညာအပြီးတွင် ရေနံကုန်သွယ်မှု၏ ၂၅

ရာခိုင်နှုန်းခန့် ထိခိုက်နိုင်ခြင်းကြောင့် စီးပွားရေးဈေးကွက်များတွင် တုံ့ပြန်မှုများဖြစ်ပေါ်နေခဲ့ပြီး တစ်ရက်လျှင် ရေနံဈေးနှုန်းမှာ ၅ ရာခိုင်နှုန်းအထိ နေ့စဉ်တက်နေကြောင်း သိရသည်။

ဂျာမနီနှင့်ဂျပန်တို့မှရေနံသယ်ယူပို့ဆောင်ရေးအတွက် အဓိကအားဖြင့် ယုံကြည်မှုထားသည့် သင်္ဘောလိုင်းကြီးများကလည်း လက်ရှိအခြေအနေကြောင့် ဟော်မုဇ်သွယ်လမ်းဖြတ်သွားသော လမ်းကြောင်းများကို ရှောင်ရှားကာ တခြားအန္တရာယ်နည်းသည့် လမ်းကြောင်းအသစ်များသို့ ပြောင်းလဲအသုံးပြုလာနေကြပြီ ဖြစ်ကြောင်း နိုင်ငံတကာသတင်းများအရ သိရသည်။

**Source : DOCA(ဧရာဝတီ)**

https://www.doca.gov.mm/

## STOCK EXCHANGE (2.7.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Jul. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,664 (Shares) | 10,882,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,700 | +0 | +0.00% | 6,700 | 6,700 | 6,700 | 0 | 0 | 33,109,694 | 221,835 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,150 | 3,200 | 3,150 | 829 | 2,617,800 | 38,929,150 | 124,573 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 60 | 444,000 | 10,400,986 | 76,967 |
| FPB | 00004 | 1,900 | +50 | +2.70% | 1,900 | 1,900 | 1,900 | 10 | 19,000 | 29,664,613 | 56,363 |
| TMH | 00005 | 2,750 | -50 | -1.79% | 2,750 | 2,750 | 2,750 | 677 | 1,861,750 | 12,823,224 | 35,264 |
| EFR | 00006 | 1,550 | -100 | -6.06% | 1,600 | 1,600 | 1,550 | 724 | 1,129,300 | 19,977,223 | 30,965 |
| AMATA | 00007 | 3,700 | -200 | -5.13% | 3,850 | 3,900 | 3,700 | 806 | 3,052,800 | 10,497,598 | 38,841 |
| MAEX | 00008 | 3,100 | -100 | -3.13% | 3,150 | 3,150 | 3,100 | 558 | 1,757,450 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 1st Jul. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 349.17 | -2.99 | -0.85% | 349.35 | 350.66 | 348.82 | 3,664 | 10,882,100 | 8 | 658,603 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 30th Jun. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,256 (Shares) | 19,780,400 (MMK) |

| MYANPIX | 349.74 ▲ 2.92 |
|---|---|
| Total Volume (shares) | 6,256 |
| Total Value (MMK) | 20 mil |
| Listed Company | 8 |
| Market Cap. (MMK) | 659,668 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,700 | ▲ 100 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,500 | ▼ 50 |
| AMATA | 00007 | 3,750 | ▼ 250 |
| MAEX | 00008 | 3,200 | ▲ 100 |